၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၊ တစ်လအတွင်းသုံးသပ်ချက်

လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၃၂၇ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၃၅ ဦး အကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၆ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၂၃၆ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။

ဓာတ်ပုံ The Fifth Wave News
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ တွစ်တာစာမျက်နှာ လူမှုကွန်ရက်စာမျက်နှာ

တစ်လအတွင်းသုံးသပ်ချက်

ဒီဇင်ဘာလတွင်း စုစုပေါင်း ၂၉ ဦး အမှုဖွင့်၊တရားစွဲဆိုခြင်းခံခဲ့ရသည်။ ထို ၂၉ ဦးအနက်မှ ရတနာပုံတက္ကသိုလ်ကျောင်းသား ရှစ်ဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉၊ ရာဇသတ်ကြီးပုဒ်မများ ဖြစ်သည့် ၁၁၄၊ ၃၅၁၊ ၄၃၅၊ ၅၀၅(ခ)၊ တက်ကြွလှုပ်ရှားသူ၊ အလုပ်သမားနှင့် ကျောင်းသား ၂၁ ဦးသည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ တို့ဖြင့် အသီးသီး အမှုဖွင့်၊ တရားစွဲဆိုခြင်းကို ခံခဲ့ရသည်။

ဒီဇင်ဘာလတွင်း ဖမ်းဆီးခြင်းခံခဲ့ရသူ ရှစ်ဦးရှိသည့်အနက်မှ ရတနာပုံတက္ကသိုလ်ကျောင်းသား သုံးဦးသည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉၊ ရာဇသတ်ကြီးပုဒ်မများ ဖြစ်သည့် ၁၁၄၊ ၃၅၁၊ ၄၃၅၊ ၅၀၅(ခ)၊ လားရှိုးနည်းပညာတက္ကသိုလ်ကျောင်းသား တစ်ဦးသည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉၊ ကချင်တက်ကြွလှုပ်ရှားသူ သုံးဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၀ တို့ဖြင့် ဖမ်းဆီးခြင်း ခံခဲ့ရပြီး ရခိုင်အမျိုးသားပါတီဝင်တစ်ဦးကိုမူ သံသယဖြင့် ဖမ်းဆီးခဲ့သည်။

ဒီဇင်ဘာလတွင်း ကချင်တက်ကြွလှုပ်ရှားသူနှင့် အရပ်သား စုစုပေါင်း ကိုးဦး ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ထိုကိုးဦးအနက်မှ တက်ကြွလှုပ်ရှားသူ သုံးဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ထောင်ဒဏ်နှင့်ငွေဒဏ် ချမှတ်ခြင်းခံခဲ့ရပြီး ကျန်တက်ကြွလှုပ်ရှားသူ သုံးဦးသည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် ငွေဒဏ်ပေး ဆောင်စေရန် အသီးသီး အမိန့်ချမှတ်ခြင်းခံခဲ့ရသည့်ပြင် အရပ်သား သုံးဦးသည် မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ၁၇(၁)ဖြင့် ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

ဒီဇင်ဘာလတွင်း စုစုပေါင်း ၁၂ ဦး လွတ်မြောက်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသား နှစ်ဦးဖြစ်သော ရှေ့နေ ဦးဇော်ဝင်း နှင့် ကိုမင်းဆိုင်းတို့မှာမူ ကျန်းမာရေး ကောင်းမွန်ခြင်း မရှိကြောင်း သိရှိရသည်။

ဒီဇင်ဘာလ ၁၀ ရက်နေ့သည် နှစ် ၇၀ မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို အတည်ပြု ပြဋ္ဌာန်းခဲ့သည့်နေ့ ဖြစ်သည်။ ထို့ပြင် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော လူ့အခွင့်အရေးကြေညာစာတမ်းနှစ် (၇၀) ပြည့်အခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်လာသည်ကို တွေ့မြင်နိုင်ပြီဟု ပြောကြားခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံ တွင်း အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် ရပ်တန့်သွားခြင်း၊ အဆုံးသတ်သွားခြင်းမရှိဘဲ ဆက်လက် ဖြစ်ပွားဆဲဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ သတင်းရေးသား တင်ပြခွင့်တို့ကို ကန့်သတ်၊ ဖိနှိပ်ထားခြင်း၊ လယ်ယာမြေ သိမ်းဆည်းမှုများ၊ အငြင်းပွားမှုများ ဆက်လက်ဖြစ်ပွားနေခြင်း၊ အလုပ်သမား အခွင့်အရေးများ ဆုံးရှုံးနေရဆဲ ဖြစ်ခြင်းနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် မတရားဖိနှိပ်ထားမှုများကို ရင်ဆိုင်နေကြရဆဲဖြစ်ခြင်းတို့သည် မြန်မာနိုင်ငံ တွင်း လူ့အခွင့်အရေးအခြေအနေများကို ဖော်ဆောင်ပြသလျက်ရှိသော ပြယုဂ်များ ဖြစ်သည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် လူတိုင်း၏ အခြေခံကျသော အခွင့်အရေးဖြစ်သော်လည်း ထိုအခွင့်အရေး သည် ခြိမ်းခြောက်မှုများ၊ဖိနှိပ်ထားမှုများအောက်တွင် ဆက်လက် ကျရောက်နေဆဲဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကျင့်သုံးခြင်းအတွက် ဒီဇင်ဘာလအတွင်း တက်ကြွ လှုပ်ရှားသူများ၊ အလုပ်သမားများနှင့် ကျောင်းသား များသည် ဖိနှိပ်၊ ကန့်သတ်ထားမှုများကို ဆက်လက် ရင်ဆိုင်နေကြရသည်ကို အောက်ပါဖြစ်စဉ်များမှ ထင်ဟပ်ပြ လျက်ရှိသည်။

- ပိတ်မိစစ်ရှောင်များ ကယ်ထုတ်ပေးရန် ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သူများဖြစ်သော ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့အား ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ထောင်ဒဏ် ခြောက်လနှင့် ဒဏ်ငွေ ငါးသိန်းကျပ်စီ ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း၊ ၎င်းတို့ သုံးဦး ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည့်အပေါ် ကျေနပ်ခြင်းမရှိသည့်အတွက် ဦးဆောင် ဆန္ဒထုတ်ဖော်ခဲ့သော မဆွတ်ဆိုင်းထွယ်၊ ရှေ့နေ ဆိုင်းခွမ်အောင်၊

.

ဓမ္မဆရာ ဘရန်မိုင်တို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် (ငြိမ်းစုံစီ)ဥပဒေ ပုဒ်မ ၁၉ ဖြင့် ဒဏ်ငွေ အသီးသီး ပေးဆောင်စေ ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် တက်ကြွလှုပ်ရှားသူ ကိုလမာဆန်အောင်နှင့် ဒေါ်လုဆန်တို့ကို ငြိမ်းစုံစီဥပဒေ ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့ခြင်း

- မန္တလေးတိုင်းဒေသကြီးအတွင်း အလုပ်သမားဝန်ကြီးခန့်ထားရန်နှင့် အလုပ်သမားရေးရာကိစ္စရပ်များကို ထိရောက် စွာဖြေရှင်းပေးရန် ဦးဆောင် ဆန္ဒထုတ်ဖော်ခဲ့သူ ဦးတင့်ရှိန်စိုးအား ငြိမ်းစုံစီဥပဒေ ပုဒ်မ ၂၀ ဖြင့် တရားစွဲဆိုခဲ့ခြင်း
- ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းရှိ သရပါဟိုတယ်မှ အလုပ်ဖြုတ်ခြင်းခံထားရသည့် အလုပ်သမားများကို အလုပ် ပြန်လည် ခန့်ထားရေးအတွက် ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သည့် သရပါဟိုတယ် အခြေခံ အလုပ်သမားသမဂ္ဂအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးဝင်းနှင့် ကိုကောင်းသူရအပါအဝင် ၁၃ ဦးသည် ငြိမ်းစုံစီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခံထားရခြင်း
- ပညာရေးဝန်ကြီးဌာနကို တောင်းဆိုချက် ၇ ချက် တောင်းဆိုခြင်း အစာငတ်ခံ ဆန္ဒထုတ်ဖော်ခဲ့သော လားရှိုး နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုစိုင်းကျော်စောဟန်သည် ငြိမ်းစုံစီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခံထားရခြင်း
- မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်အတွင်းနှင့် တက္ကသိုလ်ဝန်းကျင်လုံခြုံရေးနှင့်စပ်လျဉ်း၍ ကျောင်းတွင်း လှုပ်ရှားမှု တွင် ဦးဆောင်ပါဝင်ခဲ့ခြင်းအတွက် ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗကသ) ၏ ကျောင်းသား ခေါင်းဆောင် သုံးဦးဖြစ်သော ကိုသီဟရဲကျော်၊ ကိုရဲမင်းထွန်းနှင့် ကိုရဲမျိုးဆွေတို့ ဖမ်းဆီးခြင်း ခံခဲ့ရကာ ငြိမ်းစုံစီ ဥပဒေ ပုဒ်မ ၁၉၊ ရာဇသတ်ကြီးပုဒ်မများ ဖြစ်သည့် ၁၁၄၊ ၃၅၃၊ ၄၃၅၊ ၅၀၅(ခ)တို့ဖြင့် အမှုဖွင့်ခံခဲ့ရခြင်း၊ ထို့ပြင် ရတနာပုံကျောင်းသား လေးဦးနှင့် ရတနာပုံတက္ကသိုလ် ဗကသ ဥက္ကဋ္ဌဟောင်း တစ်ဦးသည်လည်း အလားတူ ပုဒ်မ ငါးခုဖြင့် အမှုဖွင့်ခံခဲ့ရခြင်း

ပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ရန် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးရေးတွင် အဓိကကျ၍ အရေးပါလှသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၈)၊ အပိုဒ် ၃၅၄ (က) နှင့်(ခ)တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားရှိပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) နှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် ၁၉ တို့တွင်လည်း ပြဋ္ဌာန်းထားရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ငြိမ်းစုံစီ ဥပဒေတို့ကို လက်နက်သဖွယ်အသုံးပြု၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားလျက်ရှိသည်။ ထိုအခြင်းအရာများကြောင့် မြန်မာနိုင်ငံသည် ပြည်တွင်းဥပဒေများကိုသာမက အပြည်ပြည်ဆိုင်ရာ ဥပဒေများကိုလည်း လေးစား လိုက်နာမှု မရှိသည်ကို ဖော်ဆောင် ပြသလျက်ရှိသည်။ ထို့ပြင် ဒီဇင်ဘာလတွင်း ငြိမ်းစုံစီဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ ဖြင့် တက်ကြွလှုပ်ရှားသူ၊ အလုပ်သမားနှင့် ကျောင်းသား စုစုပေါင်း ၂၉ ဦး တရားစွဲဆိုခံခဲ့ရခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ဖြင့် တက်ကြွလှုပ်ရှားသူ သုံးဦး ပြစ်ဒဏ်ချမှတ် ခံခဲ့ရခြင်းတို့သည် ထိုဥပဒေများကို အမြန်ဆုံး ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်ကို ယုံမှားသံသယဖြစ်ဖွယ်ရာ မရှိ၍ ထိုဥပဒေများကို ရုတ်သိမ်းခြင်း သို့မဟုတ် အမြန်ဆုံး ပြင်ဆင် ဖြည့်စွက်ခြင်းများကို ဆောင်ရွက်ပါရန် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ အစိုးရအား တိုက်တွန်းပါ သည်။

ဒီဇင်ဘာလတွင်းအပြုသဘောဆောင်သော တိုးတက်မှုအနေဖြင့် သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ကာကွယ်ရေး ဦးစီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ထားသော ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ လက်အောက်သို့ ပြောင်းရွှေ့ရန် ညွှန်ကြားစာကျလာပြီ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထဲရေး ၀န်ကြီးဌာန လက်အောက်တွင်ရှိသော လူငယ်ပြန်လည် ထူထောင်ရေးစခန်းများကို လူမှု၀န်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး၀န်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာနမှ လွှဲပြောင်းရယူပြီးဖြစ်သည်ဟု လူမှု၀န်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ၀န်ကြီး ဒေါက်တာ၀င်းမြတ်အေးမှ ပြောကြားခဲ့သည်။ ထိုကဲ့သို့ အပြုသဘောဆောင်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းကို ကြိုဆိုသော်လည်း ပြုပြင်ပြောင်းလဲရေးကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အကျဉ်းထောင်ပြုပြင်

.

ပြောင်းလဲရေး ပြုလုပ်ရန်မှာလည်း အရေးတကြီး လိုအပ်လှသည်။ မြန်မာနိုင်ငံ၏ အကျဉ်းထောင်အသီးသီးတွင် အစဉ်အဆက် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး အကျဉ်းထောင်တွင်း လူဦးရေထူထပ်နေခြင်းမှာလည်း အဓိကကျသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်။ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်ရှိ ကျိုက်မရော အကျဉ်းထောင်သစ်တွင် အကျဉ်းသားဦးရေပိုလျံနေသည့် အကျဉ်းထောင်များမှ အကျဉ်းသား ၆၀ ကျော်ကို စတင်လက်ခံ ထိန်းသိမ်းထားသည် ဟု မွန်ပြည်နယ် အကျဉ်ဦးစီးဌာနမှ ပြောကြားခဲ့သည်။ ထို့ပြင် အကျဉ်းသား ၁၀၀၀ ဆန့်ပြီး (က) အဆင့်ရှိ မော်လမြိုင်အကျဉ်းထောင်သည် လက်ခံထားသည့် အကျဉ်းသားဦးရေသည် ၂၀၀၀ ခန့် ရှိသည့်အတွက် ခံနိုင်ဝန်ထက် နှစ်ဆ ပိုမိုများပြားနေသောကြောင့် ကျိုက်မရောအကျဉ်းထောင်သစ်သို့ အကျဉ်းသားများ လွှဲပြောင်း ထိန်းသိမ်းထားရန်လည်း စီစဉ်လျက်ရှိသည်။ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ အကျဉ်းထောင်သစ်များ တည်ဆောက်ခြင်း တို့သည် အကျဉ်းထောင်တွင်း လူဦးရေထူထပ်ခြင်းကို ဖြေရှင်းနိုင်မည့် စနစ်ကျသော နည်းလမ်းများမဟုတ်ပါ။ အကျဉ်းထောင်တွင်း လူဦးရေ ထူထပ်ခြင်းကို လျော့ချနိုင်ရန်အတွက် ရာဇဝတ်မှုဆိုင်ရာ တရားရေးစနစ် (Criminal Justice System)ကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP)၏ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အကျဉ်းထောင်အတွင်း လူဦးရေလျော့ချနိုင် ရေး အရေးတကြီး လုပ်ဆောင်ရန် လိုအပ်သည့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးနည်းလမ်းများ တွင်လည်း အကျဉ်းထောင်တွင်း လူဦးရေ လျော့ချနိုင်ရေးအတွက် နည်းလမ်းများ၊ အကြံပြု တိုက်တွန်းချက်များကို ဖော်ပြထား သည်။ ထို့ကြောင့် အကျဉ်းထောင်တွင်း လူဦးရေထူထပ်ခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလျက်ရှိသည့် ဆိုးရွားလှသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်မှုပေးနိုင်ရန် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP)မှ အစိုးရအား နိုင်ငံတကာ သဘောတူ စာချုပ်များဖြစ်သည့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR)၊ ကမ္ဘာ့ကုလသမဂ္ဂ၏ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေးသဘောတူ စာချုပ် (UNCAT)နှင့် ၎င်း၏ နောက်ဆက်တွဲ စာချုပ်များကို အတည်ပြု လက်မှတ်ရေးထိုးပါရန် တိုက်တွန်းပါသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ထားသော ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အကျဉ်းဦးစီးဌာနကို အရပ်သားအစိုးရထံသို့ လွှဲပြောင်းပေးခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုရှိသော အကျဉ်းထောင်စနစ်ကို တည်ဆောက်ပါရန်လည်း တိုက်တွန်း အကြံပြု အပ်ပါသည်။

ထို့ပြင် ဒီဇင်ဘာလတွင်း အခြားအပြုသဘောဆောင်သော တိုးတက်မှုတစ်ခုသည် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးရန် ကျန်ရှိသော လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် စစ်ဆင်ရေးဆိုင်ရာ လှုပ်ရှားမှုအားလုံးကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ထိ မြောက်ပိုင်းတိုင်း၊ အရှေ့မြောက်တိုင်း၊ အရှေ့ပိုင်းတိုင်း၊ အရှေ့အလယ်ပိုင်းနှင့် တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေများ တွင် ရပ်ဆိုင်းပေးမည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်ခဲ့သည်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် စစ်ဆင်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်ဆိုင်းထားခြင်းသည် အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်သော အလားအလာကောင်းတစ်ခုဖြစ်သော်လည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ ၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရန် သန္နိဋ္ဌာန်ချထားသည် ဆိုသည့်အတွက် ပြီးပြည့်စုံသော ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်ရန်မှာ တိုင်းရင်းသား ဒေသများတွင် ဖြစ်ပွားနေသော ပဋိပက္ခများကို အဆုံးသတ်ခြင်း၊ မတရားဖမ်းဆီးခြင်းများ၊ ညှဉ်းပန်းနှိပ်စက်မှုများကို ရပ်တန့်ရေး ဖြစ်သည်။ ထို့ပြင် အစိုးရမှ အထက်တွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များဖြစ်သော ICCPR၊ UNCAT တို့ကို လက်မှတ်ရေးထိုးအတည်ပြုရန်မှာလည်း မရှိမဖြစ် အရေးကြီးသည်သာမက မတရားအသင်း အက်ဥပဒေဖြင့် ဖမ်းဆီး၊တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခြင်းခံထားရ သူများအားလုံးကို ခြွင်းချက်မရှိ၊ အမြန်ဆုံး ပြန်လည် လွှတ်ပေးရမည်မှာလည်း မရှိမဖြစ် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင်း တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသူတချို့မှ ဥပဒေချိုးဖောက်သည့် လုပ်ရပ်များကို ဖြစ်ရိုးဖြစ်စဉ်တစ်ခုကဲ့သို့ ဆက်လက်ကျူးလွန်နေခြင်းသည် စိုးရိမ်ဖွယ်ရာ အနေအထားတစ်ရပ်ဖြစ်သည်။ ပဲခူးတိုင်း ဒေသကြီး၊ ရွှေကျင်မြို့နယ်ရှိ သံဆိပ်ကင်း ရဲကင်းမှူး ဒဲအုပ်ထွန်းကိုကိုလွင်မှ မတရားဖမ်းဆီး၍

.

ရဲစခန်းအတွင်း လက်ထိတ်ခတ်ကာ ဒူးထောက်ထိုင်ခိုင်းခြင်း ရိုက်နှက်ခဲ့သည့်အပေါ် တိုင်ကြားထားသော်လည်း အရေးယူဖြေရှင်းပေးခြင်း မရှိသည့်အတွက် ရွှေကျင်မြို့နယ်၊ ကျောက်တန်းကျေးရွာနေ ဇနီးမောင်နှံနှစ်ဦးမှ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရွှေကျင်မြို့မ ရဲစခန်းရှေ့၌ ဆန္ဒထုတ်ဖော်ခဲ့သည်။ ထိုကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဥပဒေအရ အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ အရေးယူဆောင်ရွက်ရန် နှောင့်နှေးခြင်း တို့သည် ကျူးလွန်ခံရသူအတွက် နိုင်ငံသားအခွင့်အရေးများကို ဆုံးရှုံးစေသည်။ ထို့ကြောင့် နောက်ဆက်တွဲဖြစ်ပွား လာမည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးကာကွယ်နိုင်ရန်နှင့် ကျူးလွန်ခံရသူအတွက် တရားမျှတမှုကို ဖော်ဆောင်ပေးနိုင်ရန် အစိုးရမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ အရေးယူ ဆောင်ရွက် ခြင်းအားဖြင့်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်လျက်ရှိသော အဖွဲ့အစည်းများကို လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများပို့ချ ပေးခြင်းဖြင့်အားဖြင့်လည်းကောင်း လူ့အခွင့်အရေးကို မြှင့်တင်ပေးပါရန် တိုက်တွန်းပါသည်။

သံသယဖြင့် ဖမ်းဆီးမှုများသည် လူတစ်ဦးတစ်ယောက်၏ လွတ်လပ်ခွင့်ကို ဖြတ်တောက်ခြင်းဖြစ်သည်။ စစ်ဘက်ဆိုင်ရာ လုံခြုံရေး (စရဖ) တပ်ဖွဲ့မှ တပ်ကြပ် ဝင်းထိုက်(ခေါ်) ဖိုးလုံး ပစ်ခတ်ခံရသည့်အမှုနှင့်ပတ်သက်၍ သံသယရှိခြင်းကြောင့် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရဲတပ်ဖွဲ့မှ ရခိုင်အမျိုးသားပါတီဝင် တစ်ဦး ဖြစ်သော ကိုရဲကျော်(ခ) ကိုနီအောင်ကို သာကေတမြို့နယ်၊ တိုင်းရင်းသားကျေးရွာ၌ ကျင်းပသည့် ရခိုင်ပြည်နယ်နေ့ အခမ်းအနား၌ ဖမ်းဆီးခဲ့သည်။ ထိုကဲ့သို့သံသယဖြင့် ဖမ်းဆီးခြင်းခံရသူအတွက် ညဉ်းပန်းနှိပ်စက်မှုများနှင့် မလိုလားအပ်သော ထိခိုက် နစ်နာမှုများ မရှိစေရန် အစိုးရအနေဖြင့် လွတ်လပ်၍ အမှီအခိုကင်းသော စုံစမ်းစစ်ဆေးမှုများကို အမြန်ဆုံး ပြုလုပ်ရန် တိုက်တွန်းပါသည်။

လယ်ယာမြေကဏ္ဍသည် မြန်မာနိုင်ငံ၏ အဓိကကျလှသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ လယ်ယာမြေ အငြင်းပွားမှုများ၊ လယ်ယာမြေသိမ်းဆည်းမှုများကို ဖြေရှင်းရန် နှောင့်နှေးနေခြင်း၊ ထိုက်သင့်သော နစ်နာကြေး ပေးလျော်မှုမရှိခြင်းနှင့် လယ်သမားများ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခံရခြင်းများသည် လယ်ယာမြေကဏ္ဍအတွက် ဆုတ်ယုတ်မှုများကို ဖြစ်ပေါ်စေသည်။ ဒီဇင်ဘာလအတွင်း ဒေသဆိုင်ရာ အစိုးရများမှ ကချင်ပြည်နယ်၊ မြစ်ကြီးနား ခရိုင်၊ မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်တို့ရှိ တပ်သိမ်းမြေကော ၇၀၀ ခန့်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကျေးရွာအုပ်စု သုံးစုရှိ သိမ်းဆည်းမြေများအနက်မှ ပြန်လည်စွန့်လွှတ်မြေ ၁၄၂၁ ဧကကို မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာ မြို့နယ်ရှိ ကသာ-ဗန်းမော် မီးရထားလမ်း စီမံကိန်း ဖောက်လုပ်ခဲ့စဉ်တွင် ပါဝင်သွားခဲ့သည့် လယ်ယာမြေ ၃၀၃ ဒဿမ ၂၀ ဧကအတွက် လျော်ကြေးငွေများကို ပြန်လည်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း လယ်ယာမြေအရေးသည် အဆုံးသတ်နိုင်ခြင်း၊ ရပ်တန့်နိုင်ခြင်း မရှိသေးသော ကိစ္စရပ်တစ်ခုအဖြစ်ရှိဆဲဖြစ်သည်ကို ဒီဇင်ဘာလအတွင်း ဖြစ်ပွား ခဲ့သော ကိစ္စရပ်များ အနက်မှ တချို့ကို အောက်တွင် ကောက်နှုတ်ဖော်ပြထားသည်။

- မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)ပိုင် သကြားစက်ရုံ စီမံကိန်းအတွက် ကန့်ဘလူမြို့နယ်၊ ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ လယ်ယာမြေဧက တစ်ထောင်ကျော်ကို ထိုက်သင့်သော နစ်နာကြေးမပေးဘဲ ခြိမ်းခြောက် သိမ်းဆည်းခဲ့ခြင်းအတွက် မူလပိုင်ဆိုင်သူ တောင်သူများ၏ နစ်နာမှုကို ဖြေရှင်းပေးရန် ဒီဇင်ဘာလ ၃၁ ရက်နေ့ တွင် တောင်သူ ၁၀၀ ကျော်မှ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။
- ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်ရှိ ပုဂ္ဂလိကကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ သိမ်းယူထားသည့် လယ်ယာမြေများကို မူလတောင်သူများထံ တရားဝင်ပြန်လည်ပေးအပ်ရန်နှင့် ဥပဒေမဲ့ လုပ်ဆောင်နေသည့် ကုမ္ပဏီများကို အရေးယူပေးရန် မြေသိမ်းခံတောင်သူ ၁၀၀ ကျော်မှ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ မွန်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအများစု၌ သိမ်းဆည်းခံ လယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ရန် ပြည်နယ်နှင့်တိုင်းအစိုးရများမှ လက်ရောင်နေကြသည်ဟု မွန်ပြည်နယ် ခရီးစဉ်အတွင်း ပြောကြားခဲ့သည်။ သို့သော်လည်း လယ်ယာမြေအရေးကို ကြပ်မတ်စွာ ကိုင်တွယ်ဆောင်ရွက်ရန် အဓိက တာဝန်ရှိသူမှာ အစိုးရ ဖြစ်သည်။ သို့အတွက် အစိုးရမှ ၎င်း၏နိုင်ငံသားများ လူဂုဏ်သိက္ခာနှင့်အညီ ရပ်တည်

.

နိုင်ရေးကို ရှေးရှု၍ ၎င်းလက်မှတ် ရေးထိုးအတည်ပြုခဲ့ပြီးသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICESCR) အတိုင်း လိုက်နာဆောင်ရွက်ပါရန် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁ ၈၇၈ ၇၅၁ (ထိုင်း)၊ + ၉၅(၀) ၉၄၂၈ ၀၂၃ ၈၂၈ (မြန်မာ)
အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၃၄၈

.